## Press Release

# ရန်ကုန် - မီလန် ခရီးစဉ်သစ်ကို Neos လေကြောင်းလိုင်းမှ စတင်ပြေးဆွဲ

**ရန်ကုန်- နိုဝင်ဘာ ၁ ရက်၊ ၂၀၁၈ ခုနှစ်** - မြန်မာနိုင်ငံ ၏ အကြီးမားဆုံး နှင့် အစည်ကားဆုံး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (YIA) တွင် Neos လေကြောင်းလိုင်းမှ ပြေးဆွဲသည့် မီလန်- ရန်ကုန် ခရီးစဉ်သစ်ကို အောက်တိုဘာလ ၃၁ ရက်မှ စတင်၍ ပြေးဆွဲပျံသန်းနေပြီဖြစ်ပါသည်။

Neos လေကြောင်းလိုင်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြေးဆွဲပျံသန်းလျက်ရှိသည့် လေကြောင်းလိုင်းများအနက်မှ တစ်ခုဖြစ်လာမည်ဖြစ်ပြီး မြန်မာနိုင်ငံ နှင့် အီတလီ၊ ဥရောပသို့ ပြေးဆွဲပျံသန်းသည့် ပထမဆုံး နှင့် တစ်ခုတည်းသော လေကြောင်းလိုင်းဖြစ်ပါသည်။ Neos လေကြောင်းလိုင်းသည် မီလန်- ရန်ကုန် (အပြန်အလှန်) ခရီးစဉ်သစ်အတွက် ခရီးသည် ၂၈၄ ဦး တင်ဆောင်နိုင်သည့် ဘိုးရင်း ၇၆၇ - ၃၀၀ER အမျိုးအစားလေယာဉ်ကို အသုံးပြုပြေးဆွဲပျံသန်းသွားမည်ဖြစ်ပါသည်။ အဆိုပါ ခရီးစဉ်သစ်သည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့နှင့် ဖက်ရှင်ဒီဇိုင်းများဆိုင်ရာ ကမ္ဘာ့အထင်ကရမြို့တော်ဖြစ်သည့် မီလန်မြို့အကြား ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာရေး အထောက်အကူ ပြုသွားမည်ဖြစ်ပါသည်။




*ခရီးစဉ်သစ်စတင်ပြေးဆွဲပျံသန်းခြင်းအထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal 1 တွင် အောက်တိုဘာလ ၃၁ ရက်က ကျင်းပပြုလုပ်ခဲ့သည်။*

**Flight Schedule (Local Time)**

| Flight No. | Route | STA | STD | Day |
|---|---|---|---|---|
| **NO 279** | MXP – CAG – PQC – RGN - MXP | 1500 | 1600 | Wednesday |

**ခရီးစဉ်သစ်စတင်ပြေးဆွဲပျံသန်းခြင်းအထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကျင်းပပြုလုပ်**

ခရီးစဉ်သစ်စတင်ပြေးဆွဲပျံသန်းခြင်းအထိမ်းအမှတ်အခမ်းအနားကို Terminal 1 တွင် ကျင်းပပြုလုပ်ခဲ့ပြီး ပို့ဆောင်ရေး နှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဟိုတယ် နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ မြန်မာနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီး H.E Mrs. Alessandra Schiavo ၊ Neos လေကြောင်းလိုင်း၏ Traffic Rights and Sales Director Ms. Ilaria Toia နှင့် Yangon Aerodrome Company Limited (YACL) ၏ ဥက္ကဌ ဦးထွန်းမြင့်နိုင်တို့ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အခမ်းအနားတွင် ပို့ဆောင်ရေး နှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က "ဒီနေ့မှာ Neos လေကြောင်းလိုင်းက စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ အားလပ်ရက်ခရီးသွားတွေ မြန်မာနိုင်ငံကို ထပ်ပြီး သယ်ယူပို့ဆောင်ပေးနေပြီး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အပံ့တွေ ပေးနေတာပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ ကမ္ဘာတစ်ဝှမ်းက အခြားနိုင်ငံတွေကြား လေကြောင်းချိတ်ဆက်ပျံသန်းနိုင်မှုက ကျွန်တော်တို့နိုင်ငံအတွက် အလွန်အရေးပါပါတယ်။ ဘာကြောင့်လဲဆိုတော့ ခရီးသွားတွေများများလာရောက်လေ ကျွန်တော်တို့နိုင်ငံရဲ့ ရှေးဟောင်းအမွေအနှစ်ပေါ ကြွယ်ဝမှုတွေ၊ နွေးထွေးပျူငှာမှု၊ ချည့်ဝတ်ကျေပွန်မှုတွေ နဲ့ မြန်မာနိုင်ငံသူ နိုင်ငံသားတွေရဲ့ ယဉ်ကျေးသိမ်မွေ့တဲ့ ရိုးရာဓလေ့တွေကို များများတွေ့မြင်ခံစားနိုင်ပြီး မြန်မာနိုင်ငံ နဲ့ မြန်မာလူမျိုးတွေအကြောင်းကို ပိုမိုသိမြင်လာနိုင်ပြီး သဘောကျနှစ်သက်စေမှာ ဖြစ်ပါတယ်။" ဟု ပြောကြားသွားခဲ့ပါသည်။

ဟိုတယ် နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်ကလည်း "Neos လေကြောင်းလိုင်းနဲ့ လိုက်ပါလာကြတဲ့ ခရီးသည်များအားလုံး အာရှတိုက်ရဲ့ အကောင်းဆုံးခရီးစဉ်တွေထဲက တစ်ခုဖြစ်တဲ့ မြန်မာနိုင်ငံမှာ တမူထူးခြားတဲ့ အတွေ့အကြုံတွေရရှိနိုင်ဖို့ ကျွန်တော် မျှော်လင့်ပါတယ်။ ခရီးသည်တွေအနေနဲ့ အခုခရီးစဉ်မှာ မြင်တွေ့ကြရမယ့်အတိုင်းပဲ မြန်မာနိုင်ငံဟာ အထင်ကရ ခရီးသွားနေရာတွေသာမက နွေးထွေးပျူငှာမှုတွေ၊ ဧည့်ဝတ်ကျေပွန်မှု တွေနဲ့ ပြည့်နှက်နေတဲ့ နိုင်ငံဖြစ်ပါတယ်။ လှပတဲ့ ဂူဘုရားတွေနဲ့ သမိုင်းဝင်အထိမ်းအမှတ်နေရာတွေ ၊ သဘာဝကျွန်း တွေ၊ သဘာဝရေကန်တွေရဲ့ သာယာလှပတဲ့ ရှုမျှော်ခင်းတွေ၊ ဒေသခံတွေရဲ့ စိတ်ဝင်စားစရာ လူနေမှုဘဝတွေကို တွေ့မြင်ခံစားနိုင်မှာဖြစ်ပါတယ်။ ခရီးသွားဧည့်သည်တွေအနေနဲ့ ဒီလို စိတ်ဝင်စားစရာတွေကို မလွတ်တမ်းကြည့်ရှုခံစားနိုင်ကြစဖို့ ကျွန်တော် မျှော်လင့်ပါတယ်။" ဟု ပြောကြားသွားခဲ့ပါသည်။

မြန်မာနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီး H.E Mrs. Alessandra Schiavo မှလည်း "ဒီနေ့အခမ်းအနားဟာ လေကြောင်းလိုင်းတစ်ခုကနေ အာရှဒေသတွင်း အလှပဆုံးနိုင်ငံတွေထဲက တစ်ခုကို ပြေးဆွဲပျံသန်းပေးတယ်ဆိုတာထက် အများကြီးပိုအဓိပ္ပာယ်ရှိတဲ့ အခမ်းအနားတစ်ခုပါ။ အပွင့်လင်းဆုံးပြောရမယ်ဆိုရင် မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်မှာရှိတဲ့ အလှဆုံးနိုင်ငံတွေထဲက တစ်ခုလို့ ဆိုချင်ပါတယ်။ ဒီ ခရီးစဉ်သစ်ဟာ ချိတ်ဆက်မှုအသစ်တွေ၊ အခွင့်အလမ်းသစ် တွေ၊ အတွေ့အကြုံသစ်တွေ၊ ခင်မင်ရင်းနှီးမှုသစ်တွေကို သယ်ဆောင်လာပေးမှာဖြစ်ပါတယ်။ တိုက်ရိုက်ခရီးစဉ်တွေဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အဆက်အသွယ်သစ်တွေ နဲ့ ချစ်ကြည်ရင်းနှီးမှုရဲ့ အရင်းခံဖြစ်တာနဲ့အညီ ဒီခရီးစဉ်သစ်ဟာ ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းသစ်တွေကိုပါ ယူဆောင်လာပေးမှာဖြစ်ပါတယ်။ " ဟု မှတ်ချက်စကားပြောကြားသွားခဲ့ပါသည်။

Neos လေကြောင်းလိုင်း၏ Traffic Rights and Sales Director Ms. Ilaria Toia မှလည်း "ဒီနေ့ကစပြီး ကျွန်မတို့ဟာ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့နဲ့ ဥရောပဒေသ၊ မီလန်ကို ချိတ်ဆက်ပြေးဆွဲပေးတဲ့ ပထမဆုံးဥရောပလေကြောင်းလိုင်းတစ်ခုဖြစ်လာပြီ ဖြစ်ပါတယ်။ ကျွန်မတို့ ဒီနေ့ ပထမဆုံးခရီးစဉ်ကို ဘိုးရင်း ၇၆၇ - ၃၀၀ER အမျိုးအစားလေယာဉ်ကို အသုံးပြုပြေးဆွဲပေးသွားမှာဖြစ်ပြီး ခရစ်စမတ်ကာလအပြီး နှစ်ရက်အကြာကစပြီး ကျွန်မတို့ရဲ့ လေယာဉ်အသစ် ဘိုးရင်း ၇၈၇ အမျိုးအစားလေယာဉ်နဲ့ ပြောင်းလဲပြေးဆွဲပေးသွားမှာ ဖြစ်ပါတယ်။" ဟု ပြောကြားသွားခဲ့ပါသည်။

"ဒီနေ့ဟာ Neos လေကြောင်းလိုင်းက ရန်ကုန် - အီတလီ ခရီးစဉ်သစ်ကို စတင်ပြေးဆွဲပေးတာဖြစ်တဲ့အတွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အတွက် ထူးခြားတဲ့နေ့တစ်နေ့ဖြစ်ပါတယ်။ အခုဆိုရင် မြန်မာနိုင်ငံသားတွေအနေနဲ့ ရန်ကုန်ကနေ အီတလီကို တိုက်ရိုက်သွားလာနိုင်ပြီဖြစ်ပြီး ဥရောပဒေသ နဲ့ ကမ္ဘာ့တစ်ခြားနေရာတွေကိုလည်း သွားလာနိုင်ကြတော့မှာဖြစ်ပါတယ်။ အခုဆိုရင် ခရီးသည်တွေအနေနဲ့ ခရီးသွားချိန်ကို လျှော့ချနိုင်တော့မှာဖြစ်ပြီး ပို သက်တောင့်သက်သာရှိစွာ ခရီးသွားလာနိုင်တော့မှာ ဖြစ်ပါတယ်။ ဒီခရီးစဉ်သစ်ဟာ ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေ အတွက်ရော၊ အီတလီ နဲ့ ဥရောပနိုင်ငံသားတွေအတွက်ပါ စီးပွားရေးအခွင့်အလမ်းတွေ၊ ယဉ်ကျေးမှုတွေ ဖလှယ်ဖို့နဲ့ အခွင့်အလမ်းသစ်ဖြစ်ပြီး မြန်မာနိုင်ငံရဲ့ ခရီးသွားကဏ္ဍအပါအဝင် အခြားကဏ္ဍတွေမှာလည်း အကျိုးကျေးဇူးတွေ အများကြီးဖြစ်ထွန်းလာစေမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဥရောပ ခရီးသွားတွေ မြန်မာနိုင်ငံကို ပိုမိုလာရောက်လည်ပတ်ပြီး မြန်မာနိုင်ငံရဲ့ သဘာဝအလှအပတွေနဲ့အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရဲ့ ထပ်မံတိုးချဲ့ထားတဲ့ ဝန် ဆောင်မှုအသစ်တွေကိုလည်း တွေ့ကြုံခံစားနိုင်ကြမယ်လို့ မျှော်လင့်ပါတယ်။" ဟုလည်း Yangon Aerodrome Company Limited (YACL) ၏ ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်မှ ပြောကြားခဲ့ပါသည်။

**About Neos Air**

Neos လေကြောင်းလိုင်းကို အရည်အသွေးမြင့် လေကြောင်းပို့ဆောင်ရေး နှင့် မြေပြင်ဝန်ဆောင်မှုများ ပေးစွမ်းနိုင်ရေး ရည်ရွယ်၍ ၂၀၀၁ ခုနှစ် ဖွန်လတွင် စတင်တည်ထောင်ခဲ့ပါသည်။ Neos လေကြောင်းလိုင်းသည် အီတလီနိုင်ငံရှိ Milan Malpensa လေဆိပ်၊ Verona နှင့် Bologna တို့တွင်အခြေစိုက်ကာ ခရီးစဉ်များ ပျံသန်းပြေးဆွဲလျက်ရှိပါသည်။

Neos လေကြောင်းလိုင်းသည် ၂၀၀၂ ခုနှစ် မတ်လ ၇ ရက်နေ့ တွင် National Civil Aviation Body (ENAC) မှ Air Carrier Certificate ကို ရရှိခဲ့ပြီးနောက်တစ်နေ့တွင် ၎င်း၏ "City of Milan" အမည်ရှိ ပထမဦးဆုံး ဘိုးရင်း 737-800W လေယာဉ်သည် မီလန်မြို့၊ Milan Malpensa လေဆိပ်မှ Senegal နိုင်ငံ၊ Dakar နှင့် Cap Skirring မြို့များသို့ စတင်ပြေးဆွဲပျံသန်းခဲ့ပါသည်။

၎င်း၏ ပုံမှန်ခရီးစဉ်များကို Italy – Cape Verde ခရီးစဉ်များ စတင်ပြေးဆွဲခဲ့သည့် ၂၀၀၂ ခုနှစ်၊  အောက်တိုဘာလ အတွင်း၌ပင် ပြေးဆွဲပျံသန်းခဲ့သည်။ ထို့နောက် ၂၀၀၃ ခုနှစ်၊ ဩဂုတ်လတွင် Canary ကျွန်းများသို့လည်းကောင်း၊ ၂၀၀၄ ခုနှစ်တွင် မြေထဲပင်လယ်ဒေသတွင်းရှိ အားလပ်ရက်အပန်းဖြေအထင်ကရနေရာများသို့ ခရီးစဉ်များစွာကိုလည်း ကောင်း ပြေးဆွဲပျံသန်းခဲ့သည်။

၄င်း၏ ခရီးစဉ်ရှည်များကို ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလတွင် စတင်ပြေးဆွဲခဲ့ပြီး လက်ရှိတွင် ဘိုးရင်း ၇၆၇-၃၀၀ERW လေယာဉ် သုံးစီး နှင့် ဘိုးရင်း ၇၈၇-၉ Dreamliner လေယာဉ် နှစ်စီးတို့ဖြင့် ပျံသန်းပြေးဆွဲလျက် ရှိပါသည်။

– END –

## Yangon Aerodrome Company Limited (YACL)

### *Setting the standard for high performance*

Yangon Aerodrome Company Limited (YACL) သည် မြန်မာနိုင်ငံသို့ အဓိကဂင်ပေါက်ဖြစ်သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အား စီမံခန့်ခွဲလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ အကြီးမားဆုံးနှင့် အစည်ကားဆုံးလေဆိပ် ဖြစ်သည်နှင့်အညီ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် အခြေခံအဆောက်အအုံ၊ အဖွဲ့အစည်းနှင့် စီမံခန့်ခွဲမှု အစရှိသော အဓိက နယ်ပယ်များတွင် အကောင်းမွန်ဆုံးဆောင်ရွက်နိုင်ရန် စွမ်းဆောင်ရည်မြင့်မားနေစေရေးစီမံချိန်စံညွှန်းများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

လွန်ခဲ့သောနှစ်အနည်းငယ်အတွင်းတွင် မြန်မာနိုင်ငံသို့ အလည်အပတ်လာရောက်သော ခရီးသွားဦးရေသည် ပုံမှန်တိုးတက်လျက် ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်းနယ်ပယ်တွင် ရေရှည်တိုးတက်မှုများ ကြုံတွေ့လာနိုင်သည့်အားလျော်စွာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အနေဖြင့် တစ်နှစ်လျှင် ခရီးသည်ပေါင်း သန်း ၂၀ ကို ဝန်ဆောင်မှုပေးနိုင်ရန်၊ ခရီးသည်များနှင့် လေကြောင်းလိုင်းများအတွက် အရည်အသွေးပြည့်ဝသော ဝန်ဆောင်မှုများပေးနိုင်ရန် မျှော်မှန်းတည်ဆောက်ထားခြင်းဖြစ်ပါသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ကမ္ဘာ့လူဦးရေ၏ သုံးပုံ နှစ်ပုံ နေထိုင်ရာ အိန္ဒိယနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံကြားတွင် မဟာဗျူဟာမြောက်စွာတည်ရှိနေပြီး နာရီတာ၊ အင်ချွန်း၊ ဒူဘိုင်း၊ ဒိုဟာ၊ ဘေကျင်း၊ ဟောင်ကောင် နှင့် တိုင်ပေအစရှိသော မြို့ကြီးများနှင့်လည်း ၆ နာရီကြာ ပျံသန်းချိန်အကွာအဝေးအတွင်း၌သာ တည်ရှိနေပါသည်။ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ၃၀ လိုင်းနှင့် အပြည်ပြည်ဆိုင်ရာ ခရီးစဉ် ၂၈ ခုအား ဝန်ဆောင်မှုပေးလျက်ရှိသော ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ၂၀၁၇ ခုနှစ်အတွင်း ခရီးသည်စုစုပေါင်း ၅.၉၂ သန်းကို ဝန်ဆောင်မှုပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။